## ငြိမ်းချမ်းရေး ဆွေးနွေးပွဲနှင့် ပတ်သက်သော မကဒတ၏ ထုတ်ပြန်ကြေညာချက်

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မကဒတ)နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ငြိမ်းချမ်းရေး ကိုယ်စားလှယ်များသည် ၂၀၁၂ ခုနှစ်မှ စတင်၍ အပြန်အလှန် လေးစားမှုဖြင့် အဆင့်ဆင့်သော အလွတ်သဘော တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပါသည်။

၎င်းဆွေးနွေးမှုများ၏ ရလဒ်အဖြစ် မကဒတ ဥက္ကဋ္ဌ ရဲဘော်သံခဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၊ ဒုတိယ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့အကြား ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို ကရင်ပြည်နယ်၊ ဘားအံမြို့၌ ၂၀၁၃ ခုနှစ် ဩဂုတ်လ (၄) ရက်နေ့တွင် ကျင်းပမည် ဖြစ်သည်။

မိမိတို့အနေဖြင့် အဆိုပါ နှစ်ဖက်ငြိမ်းချမ်းရေး ဆွေးနွေးမှုများတွင် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးတို့ကို ဦးတည်၍ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲ ရလာဒ်များကို တိုင်းရင်းသား ပြည်သူလူထု တရပ်လုံးထံ တင်ပြသွားမည် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဗဟိုကော်မတီ

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ကျောင်းသားတပ်မတော်)

ရက်စွဲ။ ။ ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၃၀ ရက်။

ဆက်သွယ်ရန်။
ရဲဘော် သံခဲ (ဖုန်း +၆၆ ၀၈၆ ၁၆၂ ၃၅၈၂)
ရဲဘော် မျိုးဝင်း (ဖုန်း +၆၆ ၀၈၁ ၀၃၅ ၃၄၅၈)